# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ရခိုင်ပြည်နယ်နှင့်စပ်လျဉ်းသည့် အကြံပြုဖော်ပြချက်များကို ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ မှ ဒီဇင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများသို့ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို လေ့လာပါက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကိန်းဂဏန်းများဖြင့် ရေးသားဖော်ပြနိုင်ပြီး လက်တွေ့တွင်လည်း ချက်ချင်း၊ လက်ငင်း မြင်တွေ့သိရှိနိုင်သည့် အကြံပြုချက်ကဏ္ဍများ ပါဝင်သကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့နက်နဲစွာဖြင့် အချိန်ယူ လုပ်ဆောင်ပြီး အချိန်ကာလအတိုင်း အတာ တစ်ခုသို့ ရောက်ရှိမှသာ ဖော်ပြ၊ တွေ့မြင်၊ သိရှိနိုင်သည့် အကြံပြုချက်ကဏ္ဍ များလည်း ပါဝင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် လုပ်ငန်းဆောင်ရွက်မှုနှင့်တိုးတက်မှု အခြေအနေကို ကိန်းဂဏန်း၊ စာသားတို့ဖြင့် ဖော်ပြနိုင်သည့် ဆောင်ရွက်မှုများကိုသာ ဖော်ပြထားပြီး လူမှုသဟဇာတဖြစ်မှု၊ ရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်မှုစသည့် ရေရှည်တွင် သိသာထင်ရှား ခံစားနိုင်သည့် ဆောင်ရွက်နေမှုများကို ထင်ဟပ်ဖော်ပြထားခြင်း မရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု

| | |
|---|---|
| ကုမ္ပဏီ (၇၃) ခု | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဒေသခံပြည်သူလူထုပိုမိုပါဝင်နိုင်ရန် ဒေသခံ ကုမ္ပဏီများ မှတ်ပုံတင် ပေးနိုင်ခဲ့သည်။ |
| ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၈) ရက် | ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် (Framework Agreement) လက်မှတ်ရေးထိုးနိုင်ခဲ့ သည်။ |
| (၁၅၁)ဦး | Mobile Team ကွင်းဆင်းအဖွဲ့ ဖြင့် သွားလာရန် ခက်ခဲသော ဒေသများသို့ အလုပ်သမားမှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ပါသည်။ |
| အလုပ်သမားပေါင်း (၆၉၇၅)ဦး | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအလိုက် အလုပ်သမားမှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ |
| ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၇)ရက်မှ (၈)ရက် | ရခိုင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပနိုင်ခဲ့ပြီး အလုပ်သမားမှတ်ပုံတင်ခြင်းနှင့် အလုပ်အကိုင်ရှာဖွေ ချိတ်ဆက်ပေးခြင်း ဆောင်ရွက်နိုင်ခဲ့သည်။ |

| | |
|---|---|
| အလုပ်ရရှိမှု ကျား (၅၇%)၊ မ(၄၃%) | မှတ်ပုံတင်ထားသော အလုပ်သမားများအနက် ကျား (၂၄၂)ဦးနှင့် မ (၁၈၆)ဦး၊ ပေါင်း (၄၂၈)ဦးတို့အား အလုပ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ |
|   (၂၈)ကြိမ် သင်တန်းသား/သူ ပေါင်း (၈၉၃ )ဦး | အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစား(၂၁)မျိုး ဖွင့်လှစ်နိုင်ခဲ့ပါသည်။ |
|  သင်တန်းသား(၂၁)ဦး သင်တန်းသူ(၇၅၈)ဦး | အမျိုးသမီးဦးစားပေးသင်တန်း (၈)မျိုးကို (၃၀)ကြိမ်ဖွင့်လှစ် လေ့ကျင့်ပေးနိုင်ခဲ့သည်။ |

## လမ်းပန်းဆက်သွယ်ရေး



- ကြပ်စင်တံတား
- ဒါးလက်ချောင်းတံတား
- တိမ်ညိုတံတား
- ဆတ်ရိုးကျတံတား

ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်သော တံတား (၂၄)စင်း အနက် တံတား(၄)စင်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းသစ်စီမံကိန်းတံတား (၂၉)စင်း စတင်ဆောင်ရွက်လျက်ရှိရာ(၁၄%) ပြီးစီးပြီဖြစ်ပါသည်။

### မေယုတောင်ကျော်လမ်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| ဆောင်ရွက်သည့်လုပ်ငန်း | ကြိမ်ချောင်း -ဇုပ္ပိ တောင်ကျော်လမ်း | ကျောက်ပန္နျ-အင်းဒင် -စေတီပြင်လမ်း |
|---|---|---|
| မြေသားလမ်းဖောက်လုပ်ခြင်း | (၉)မိုင်၊ (၇)ဖာလုံ | (၉)မိုင် |
| ဖို့မြေ၊ ဖြတ်မြေလုပ်ငန်းဆောင်ရွက်ခြင်း | (၈)မိုင် | (၉)မိုင် |
| (၂၀)ပေအကျယ် (၃)အခြေခံအလွှာခင်းခြင်း | (၄)မိုင် | (၉)မိုင် |
| Box Culvert တည်ဆောက်ခြင်း | (၉)စင်း | (၄၆)စင်း |

## ပို့ဆောင်ရေးကဏ္ဍ

ဂျပန်နိုင်ငံတွင် တည်ဆောက်နေသော (ကစ္ဆပနဒီ-၃) ရေယာဉ်တည်ဆောက်မှု (၁၀၀%) ပြီးစီးပြီဖြစ်၍ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် စတင်ပြေးဆွဲနိုင်မည်ဖြစ်ပါသည်။



(ကစ္ဆပနဒီ-၃) ရေယာဉ် တည်ဆောက်မှု (၁၀၀%)ပြီးစီး




သင်္ဘော၊ စက်လှေများ၏ ပင်လယ်လုံခြုံမှု ( Life Saving Appliance - LSA Certificate ) (၁၀၃)ကြိမ်ထုတ်ပေးနိုင်ခဲ့သည်။

### လေကြောင်းပို့ဆောင်ရေး

ရခိုင်ပြည်နယ်၏ လေကြောင်းပို့ဆောင်မှုမှာ ပြည်တွင်းခရီးစဉ်အားလုံး၏ ပျမ်းမျှ (၁၃%) ပျံသန်း ပြေးဆွဲခဲ့ပါသည်။

### မြောက်ဦးလေယာဉ်ကွင်းသစ်

P.P.P စနစ်ဖြင့် တင်ဒါခေါ်ယူနိုင်ရေးအတွက် Nippon Koei Co.,Ltd. နှင့် (၂၇-၁၁-၂၀၁၈)ရက်နေ့တွင် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါ သည်။

## တယ်လီဖုန်း၊ အင်တာနက် နှင့် ဆက်သွယ်ရေးကဏ္ဍ



- မိုဘိုင်းရေဒီယိုစခန်း - GSM (၁၂၆)ခု တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။
- အော်တိုတယ်လီဖုန်းလိုင်း (၁၇)လိုင်း တိုးချဲ့တပ်ဆင်နိုင်ခဲ့သည်။
- ADSL Internet Line (၁၂)လိုင်း တိုးချဲ့တပ်ဆင်နိုင်ခဲ့သည်။
- စာတိုက်တိုးချဲ့ဝန်ဆောင်မှုလုပ်ငန်းအဖြစ် (၁၀-၉-၂၀၁၈)ရက်နေ့မှ စ၍ စနဲ၊ ကြိမ်ချောင်း ကျေးရွာများတွင် ဆောင်ရွက်ခဲ့ပါသည်။
- OK$ (Mobile Money) ဝန်ဆောင်မှုကို (၂၄-၁၂-၂၀၁၈) ရက်နေ့မှ စ၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇)မြို့နယ်နှင့် ကျေးရွာ (၁၆)ရွာတို့တွင် ဆောင်ရွက်နိုင်ခဲ့သည်။

## လျှပ်စစ်ကဏ္ဍ

### နိုင်ငံတော်ဓာတ်အားစနစ်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ (၃၀) ရက်



ဘူးသီးတောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ (၁၃)ရွာကို ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်



မောင်တောမြို့ပေါ်ရှိ ရပ်ကွက် (၅) ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာ (၇)ရွာကို ဓါတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါ သည်။

### နိုင်ငံတော်ဓါတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှု



ထရန်စဖော်မာအင်အားတိုးချဲ့ ခြင်းလုပ်ငန်း (၃)ခု၊ ဓါတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း (၃)ခု၊ ဓါတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း (၄) ခုဆောင်ရွက်နိုင်ခဲ့ပါသည်။

### ကျေးရွာများနိုင်ငံတော်ဓါတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိမှု (၅၃%)



ရခိုင်ပြည်နယ်အတွင်း ကျေးရွာ (၃၅၂၄) ရွာတွင် (၁၈၉၀)ရွာ လျှပ်စစ်ဓါတ်အား ရရှိရေးဆောင်ရွက်နိုင်ခဲ့သည်။

### မြို့များနိုင်ငံတော်ဓါတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိမှု



ရခိုင်ပြည်နယ်အတွင်း မြို့ (၂၆)မြို့အနက် နိုင်ငံတော်ဓါတ်အားစနစ်ဖြင့် (၂၀)မြို့၊ အခြားနည်းလမ်းဖြင့် (၆)မြို့ လျှပ်စစ်ဓါတ်အားရရှိပြီ ဖြစ်ပါသည်။

### လေအားလျှပ်စစ်စီမံကိန်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက် လုပ်ငန်းစတင်



မာန်အောင်မြို့ပေါ်နှင့် အနီးအနားကျေးရွာ (၅)ရွာအား ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန် ဒိန်းမတ်နိုင်ငံနှင့် နားလည်မှု စာချွန်လွှာရေးထိုး၍ အမေရိကန်ဒေါ်လာ (၂.၅)သန်းတန်ဖိုးရှိ Power Supply Solution with PV in Manaung Island (Phase-I) လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

## ဆိုလာစနစ်ဖြင့် မီးလင်းရေး



### ဆိုလာမီး (၈၀၂၃) စုံ

ဆောင်ရွက်ဆဲ ဆိုလာဓါတ်အားပေးစနစ် ပြီးစီးမှုမှာ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့ရှိ ကျေးရွာအုပ်စု (၄၃)အုပ်စု၊ ကျေးရွာ (၇၂)ရွာတွင် ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

### ဆိုလာမီး (၁၃၃၉၄) စုံ

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။

## ရေရရှိရေး



### စစ်တွေမြို့ရေပေးရေးစီမံကိန်းအဆင့် – ၂

စစ်တွေမြို့ရေပေးရေးစီမံကိန်းအဆင့် – ၂ကို JICA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၁၀၀%) ဆောင်ရွက် ပြီးဖြစ်ပါသည်။

### ကျေးလက်ရေရရှိရေး

ကျေးရွာ (၁၁၃)ရွာတွင် တွင်းတိမ် (၅)တွင်း၊ လက်တူးတွင်း (၃၀)တွင်း၊ ရေကန် (၆၃)ကန်၊ စိမ့်စမ်းရေသွယ် (၁၆)ခုနှင့် အခြားရေရရှိရေးလုပ်ငန်း (၅)ခုအတွက် တင်ဒါစိစစ်လျက်ရှိပါသည်။

## မြစိမ်းရောင်ကျေးရွာစီမံကိန်း

မြစိမ်းရောင်ကျေးရွာစီမံကိန်း (ကျေးလက်ကဏ္ဍ)ဖြင့် (၇၅) ယူနစ်တိုးချဲ့ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဖွဲ့စည်းခြင်း၊ သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မြို့နယ် (၁၂)မြို့နယ်ရှိ ကျေးရွာ (၁၄၁) ရွာတွင် စတင်ဆောင်ရွက်လျက်ရှိပါသည်။

## လူထုဗဟိုပြုစီမံကိန်း

စီမံကိန်း စတုတ္ထနှစ်စက်ဝန်းအဖြစ် အမ်းမြို့နယ်ရှိ (၂၄၂) ရွာတွင်လည်းကောင်း၊ စီမံကိန်း ပထမနှစ်စက်ဝန်းအဖြစ် ဂွမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့ရှိ ကျေးရွာ (၃၄၉)ရွာတို့တွင်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

## ကျေးရွာပေါင်း (၁၀၀)

ရေချိုငါးမွေးမြူရေးလုပ်ကိုင်သည့် ကျေးရွာ (၅၇)ရွာ၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာ (၄၃)ရွာတွင် ငါးဖမ်း စက်လှေ (၆)စီး၊ ငါးဖမ်းပိုက် (ထိမိပိုက်၊ ကြာဆံပိုက်၊ ကျောက်ပုဇွန်ပိုက်) များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## စက်ပစ္စည်းများအစားထိုးသုံးစွဲခြင်း



- ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ဌာနပိုင်စက်ယန္တရားများဖြင့် မိုးစပါး(၆၀၉၅)ဧကလွှာ ထွန်ယက်ခြင်း၊ (၄၇၉၀)ဧက ရိတ်သိမ်းခြွေလှေ့ခြင်းဆောင်ရွက်နိုင်ခဲ့သည်။
- လက်တွန်းထွန်စက် (၁၈)စီးနှင့် ခြွေလှေ့စက် (၂)စီး အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပါသည်။

## အရည်အသွေးပြည့်မီသည့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များဖြန့်ဖြူးခြင်း



မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးခြင်းအနေဖြင့် နွေစပါး (၁၅)တင်း၊ မတ်ပဲ(၁၂၇) တင်း၊ မြေပဲ (၄၁၀၇)တင်း၊ ပဲတီစိမ်း (၁၁၂)တင်း ဖြန့်ဖြူးပေးခဲ့ပါသည်။

## ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးခြင်း





- ဆောင်းမြေပဲစံပြကွက် (၁၆၇)ဧက၊ မတ်ပဲစံပြကွက် (၁၁၅)ဧက ၊ နေကြာစံပြကွက် (၄၃)ဧက၊ ပဲတီစိမ်းစံပြကွက် (၇၅)ဧက၊ ဆောင်းသီးနှံမတ်ပဲ စံပြကွက် (၂) ကွက် စိုက်ပျိုးနိုင်ခဲ့ပါသည်။
- မြေပဲစိုက်ပျိုးရေးဇုန် (၉၅၀)ဧက၊ မတ်ပဲစိုက်ပျိုးရေးဇုန် (၆၀၀)ဧက၊ ဘိုကိတ်စိုက်ပျိုးရေးဇုန်(၁၁၅)ဧက၊ ဆီမုန်ညင်းစိုက်ပျိုးရေးဇုန် (၁၃၀)ဧကနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန်(၁၆၅)ဧက တည်ထောင်နိုင်ခဲ့ပါသည်။
- မြေဩဇာအရောင်းဆိုင်များစစ်ဆေးခြင်း (၁၀)ကြိမ်၊ ပိုးသတ်ဆေးအရောင်းဆိုင်များ စစ်ဆေးခြင်း (၁၀)ကြိမ်၊ မျိုးစေ့ အရောင်းဆိုင်များ စစ်ဆေးခြင်း (၈) ကြိမ်တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## တောင်သူပညာပေးလုပ်ငန်း



- တောင်သူပညာပေးသင်တန်း (၉၃) ကြိမ်ဖြင့် တောင်သူ (၄၇၃၆)ဦးကို အသိပညာပေးနိုင်ခဲ့သည့်အပြင် ပညာပေးစာစောင် (၁၁၆၅၂) စောင်ဖြန့်ဝေပေးခဲ့ပါသည်။
- မိုးစပါးကွင်းပြပွဲ (၄၅)ကြိမ် ပြုလုပ်ခဲ့ပါသည်။

## သင်တန်းသား (၅၆၉၅) ဦး



စိုက်ပျိုးရေး နည်းပညာပေး သင်တန်း (၁၃၄)ကြိမ်၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်း (၁)ကြိမ် ပို့ချပေး ခဲ့ပါသည်။

## တောင်သူ (၁၁၄)ဦး




ရခိုင်ဒေသရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ စပါးအခြေခံ သီးနှံပုံစံ အမျိုးမျိုး၏ သီးနှံထုတ်လုပ်မှု မြင့်မားရေးနှင့် ဘေးကင်းလုံခြုံသော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး သင်တန်း (၂)ကြိမ် ပို့ချပေးနိုင်ခဲ့ပါသည်။

### ကျပ်သန်း (၂၃၆၁.၇၀၀)

၂၀၁၈ ခုနှစ်အတွက် ဆောင်းရာသီချေးငွေကို ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် (၆)မြို့နယ်မှ တောင်သူများသို့ ထုတ်ချေးခဲ့သည်။

### ကျပ်သန်း (၇၀.၃၇၀)

ရခိုင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသော တောင်သူလယ်သမားလုပ်ငန်းရှင် (၁၉)ဦးသို့ ချေးငွေများ ထုတ်ချေးခဲ့သည်။

### ကျပ် (၁.၁၆၅) ဘီလီယံ

မြေနှင့် အဆောက်အဦတို့အား အာမခံရယူ၍ ရခိုင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် (၄၅)ဦးကို ချေးငွေများ ထုတ်ချေးနိုင်ခဲ့ပါသည်။

### ကျပ်သန်း (၄၀)

အာမခံပေးအပ်နိုင်ခြင်းမရှိသော အသေးစားစီးပွားရေးလုပ်ငန်းရှင် (၂)ဦးသို့ ချေးငွေများ ထုတ်ချေးနိုင်ခဲ့သည်။

## ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်သော ကောက်ပဲသီးနှံများအစားထိုးပြောင်းလဲစိုက်ပျိုးခြင်း



မိုးစပါး (၂၅၄၆၃) ကေ၊ အစေ့ထုတ်ပြောင်း (၆)ကေ၊ နှမ်း (၁၁၇)ကေ၊ မြေပဲ (၆၆၇၉၁)ကေ၊ နေကြာ (၁၈၁၁)ကေ၊ ပဲတီစိမ်း (၁၉၇၂)ကေနှင့် မတ်ပဲ (၁၄၉၅၅) ကေစိုက်ပျိုးနိုင်ခဲ့ပါသည်။

## ဆည်မြောင်း၊ တာ၊ တမံများပြုပြင် တည်ဆောက်ခြင်း



ဆည်မြောင်း၊ တာ၊ တမံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း (၁၅)ခု ဆောင်ရွက်ခဲ့ပါသည်။

## သစ်တောပြုစုထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်း



ပျဉ်းကတိုးနှင့် ကျေးရွာထင်းစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း (၁၇၆၆) ကေနှင့် သစ်တော ပြုစုထိန်းသိမ်းခြင်း (၂၃၂၅) ကေ ဆောင်ရွက်ခဲ့ပါသည်။

## အသိပညာပေးဟောပြောပွဲ (၂၈)ကြိမ်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

# နိုင်ငံသားဖြစ်မှု

## နိုင်ငံသားစိစစ်ရေးလုပ်ငန်း















| ၂၀၁၈ခုနှစ်၊ စက်တင်ဘာလမှဒီဇင်ဘာလအတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ | |
|---|---|
| အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း | (၁၀) ဦး |
| အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း | (၉) ဦး |
| NV Card ထုတ်ပေးခြင်း | (၈၈၉) ဦး |
| Bio-Metric Data ကောက်ယူခြင်း | (၈၉၆) ဦး |
| ကမန်လူမျိုးမွတ်ဆလင်ဘာသာဝင် များအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း | (၂၂၀၁) ဦး |

## လွတ်လပ်စွာသွားလာခွင့်

ကျား (၆၄)ဦး၊ မ (၅၂)ဦး



၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပုံစံ (၄)ဖြင့် ရန်ကုန်မြို့သို့ မွတ်ဆလင် ဘာသာဝင်(၁၁၆)ဦးတို့အား လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုခဲ့ပါသည်။

## IDP ကိစ္စရပ်များ





### IDP စခန်းများ စနစ်တကျပိတ်သိမ်းရေး

IDP စခန်းများ ပိတ်သိမ်းနိုင်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေး ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို (၂၀၁၈)ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားလျက် IDP စခန်းများကို စနစ်တကျပိတ်သိမ်းနိုင်ရန် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်ပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေသည့် IDP စခန်းများ ပိတ်သိမ်း ရေး အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲနိုင်ရေး အပြီးသတ်ဆောင်ရွက်လျက်ရှိပါသည်။

မြေပုံမြို့နယ်၊ တောင်ပေါ် IDP စခန်း ပိတ်သိမ်းရေးအတွက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း နေအိမ်အလုံး (၁၀၀) ထပ်မံတည်ဆောက်ပြီးစီး၍ နေရာချထားပေးပြီး ဖြစ်ပါသည်။

စစ်တွေမြို့နယ် IDPစခန်းများအတွင်းရှိ ဟောင်းနွမ်းပျက်စီးနေသော ယာယီတဲတန်းလျားများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု

### အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း (၅၈၂၂၈)ဦး



၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ (၃)လတာ ကာလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇)မြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက် (၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေးအစီအစဉ်ဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက်ကလေး စုစုပေါင်း(၅၈၂၂၈)ဦးတို့အား (၁)ဦး (၁)လလျှင် ကျပ် (၁၅၀၀၀) နှုန်းဖြင့် ကျပ်သန်းပေါင်း (၂၆၂၀.၂၆၀)သန်း ထောက်ပံ့နိုင်ခဲ့ပါသည်။

### လူမှုရေးပင်စင်ကျပ်သန်းပေါင်း (၂၁၁.၀၅၀) သန်း



၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ (၃လ)တာ ကာလအတွင်း - အသက် (၈၅)နှစ်နှင့် အထက် ဘိုး/ဘွား (၇၀၃၅) ဦးကို (၁)ဦး (၁)လလျှင် ကျပ် (၁၀၀၀၀) နှုန်းဖြင့် လူမှုရေး ပင်စင်များ ထောက်ပံ့ပေးခဲ့ပါသည်။

### အစားအစာနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်း



၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄)လတာ ကာလအတွင်း - နိုင်ငံတော်ဘတ်ဂျက်မှ အိမ်ထောင်စု (၂၆၂)စု၊ လူဦးရေ (၂၅၄၈) ဦးအတွက် (၁၄၀၂၁၉၁၀) ကျပ်တန်ဖိုးရှိ အစားအစာများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပါသည်။

## သတင်းယူခွင့်

သတင်းမီဒီယာသမား (၅၈)ဦး



ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့များအား ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရခိုင်ပြည်နယ်သို့ (၄)ကြိမ်သွားရောက် သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးစသည့် ကဏ္ဍစုံ ဆောင်ရွက်ချက်များကို ပြည်တွင်းပြည်ပမှ ပိုမိုသိရှိပူးပေါင်းပါဝင်နိုင်ရန် အစီရင်ခံသည့် ကာလအတွင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည် -

- ရုပ်သံအစီအစဉ်မှ သတင်းထုတ်လွှင့်မှု (၁၁၆)ကြိမ်၊ အစီအစဉ် (၂၀)ကြိမ်၊
- ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု (၂၆၄၀)ကြိမ်၊ အစီအစဉ် (၁)ကြိမ်၊ ဆောင်းပါး (၄)ခု၊ တွေ့ဆုံမေးမြန်းမှု (၆၃)ကြိမ်၊ အသိပညာပေးထုတ်လွှင့်မှု (၃၅၄)ကြိမ်၊ Public Service Announcement (PSA) (၂၃၆)ကြိမ်၊
- ပြန်ကြားရေးဝန်ကြီးဌာန Website တွင် သတင်းဖော်ပြမှု (၂၈၃)ကြိမ်၊
- နေ့စဉ်ထုတ်သတင်းစာများတွင် သတင်း ဖော်ပြမှု (၄)ကြိမ်၊ ဆောင်းပါး (၁)ကြိမ်၊ အင်တာဗျူး (၄)ကြိမ်၊ သဝဏ်လွှာ (၁)ကြိမ်၊ သတင်းထုတ်ပြန်ချက် (၂)ကြိမ်၊ အစီရင်ခံစာ (၁)ကြိမ်၊ ဓါတ်ပုံဖော်ပြမှု (၂၅၇)ကြိမ်၊ လေ့လာကွင်းဆင်း ဆောင်ရွက်မှု (၃)ကြိမ်နှင့် ဓါတ်ပုံဖော်ပြမှု (၃၈)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ပညာရေး




### အခြေခံပညာကျောင်း (၃၄၄)ကျောင်းပြန်လည်ဖွင့်လှစ်

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်း (၄၂၄) ကျောင်း ယာယီပိတ်ထားခဲ့ရာမှ (၃၄၄)ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီး ဖြစ်ပါသည်။

တိုင်းရင်းသားကလေးငယ်များ ပညာသင်ကြားသင်ယူမှု အဆင်ပြေချောမွေ့စေရန်နှင့် သင်ယူတတ်မြောက်မှု အရည်အသွေးပိုမိုမြင့်မားလာစေရန်အတွက် သင်ကြားသည့် ဘာသာရပ်များကို တိုင်းရင်းသားဘာသာစကားဖြင့် ကူညီရှင်းပြသင်ကြားပေးရန် Teaching Assistant များကို ခန့်အပ်ခဲ့ရာ မောင်တောမြို့နယ်တွင် (၇)ဦး အပါအဝင် ရခိုင်ပြည်နယ်အတွင်း (၁၅၀)ဦးခန့်အပ်သင်ကြားပေးလျက်ရှိပါသည်။

မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များရှိ ဆရာ၊ ဆရာမများ စုရပ်မှ ကျောင်းများသို့ သွားလာရေးနှင့် သင်ကြားရေး အဆင်ပြေစေရန် SUZUKI HIJET မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက် ပေးထားပါသည်။

ကလေးပျော်ကျောင်း Child Friendly School (CFS) မြို့နယ်အဆင့် (TOT) သင်တန်းကို စစ်တွေမြို့ အထက (၄)တွင် ကျင်းပပြုလုပ်ခဲ့ပြီး နည်းပြ(၁၁)ဦး၊ ကြီးကြပ်သူ (၂)ဦး၊ သင်တန်းသား (၁၅၀)ဦး တက်ရောက်ခဲ့ပါသည်။

ကျောင်းသား၊ ကျောင်းသူများအားလုံး အရည်အသွေးရှိသည့် အခြေခံပညာရေးကို ရရှိနိုင်စေရန် UNICEF နှင့် ပူပေါင်း၍ Building on Quality Basic Education Program (BoQBEP) အစီအစဉ်အရ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

IDP စခန်းများရှိ လုပ်အားပေး ဆရာ/ဆရာမ Volunteer Teachers (၁၁၉)ဦးတို့အား လစာငွေများ ထောက်ပံ့ပေးခဲ့ပါသည်။

## အခြေခံပညာသင်ကြားနိုင်မှု



၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်ရှိ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် မြို့နယ်များတွင် အခြေခံပညာကျောင်း (၃၃၉) ကျောင်းရှိရာ တိုင်းရင်းသားနှင့် မွတ်ဆလင် ဘာသာဝင်ကျောင်းသား/သူများ ရောနှော ပညာသင်ကြားနေသော ကျောင်း (၄၉)ကျောင်းနှင့် မွတ်ဆလင်ဘာသာဝင် ကျောင်းသား/သူများသာ ပညာသင်ကြား နေသော ကျောင်း (၈၈) ကျောင်းတို့ ပါဝင်ပါသည်။

## အဆင့်မြင့်ပညာသင်ကြားနိုင်မှု



၂၀၁၈ ပညာသင်နှစ်တွင် မွတ်ဆလင်ဘာသာဝင် (၂၁၆)ဦးအပါအဝင် ကျောင်းသား/သူ ပေါင်း (၂၅၈) ဦးတို့သည် အဝေးသင်တက္ကသိုလ် စစ်တွေဌာနခွဲနှင့် သံတွဲစာစစ်ဌာနခွဲတို့၌ စာမေးပွဲများ တက်ရောက်ဖြေဆိုခဲ့ပါသည်။

## ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဆောင်ရွက်ချက်များ



ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၀)မြို့နယ်တွင် စခန်း (၅၉)ခု ဖွင့်လှစ်ကာ လူဦးရေ (၁၁၅၁)ဦးကို ကျောင်းပြင်ပမူလတန်း ပညာရေး သင်ကြားပေးခဲ့သည်။

ဘူးသီးတောင်မြို့နယ်၊ အမှတ် (၁) အနောက်ရပ်ကွက်၊ ရွာမကျေးရွာ နှင့် ကြာညိုပြင်ကျေးရွာ တို့တွင် စာသင်ဝိုင်း (၆)ဝိုင်းဖွင့်လှစ်ကာ ရခိုင်နှင့် မွတ်ဆလင် (၇၃)ဦးတို့ကို အခြေခံစာ တတ်မြောက်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ကျန်းမာရေး

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ
ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ

| စဉ် | အကြောင်းအရာ | တိုင်းရင်းသား | မွတ်ဆလင် | စုစုပေါင်း လူနာဦးရေ |
|---|---|---|---|---|
| ၁။ | စစ်တွေ | ၂၆၂၄၆ ဦး | ၉၆၄ ဦး | ၂၇၂၁၀ ဦး |
| ၂။ | သက္ကယ်ပြင် | - | ၉၁၉၃ ဦး | ၉၁၉၃ ဦး |
| ၃။ | မောင်တော | ၆၁၇၁ ဦး | ၃၄၇၈ ဦး | ၉၆၄၉ ဦး |
| ၄။ | ရွှေလျားဆေးကုအဖွဲ့ | ၅၄၀၄ ဦး | ၉၇၀၂၉ ဦး | ၁၀၂၄၃၃ ဦး |
| | **စုစုပေါင်း** | ၃၇၈၂၁ ဦး | ၁၁၀၆၆၄ ဦး | ၁၄၈၄၈၅ ဦး |
| ၅။ | UEHRD ကျန်းမာရေးလုပ်ငန်းအဖွဲ့ | | | ၁၉၉၇ ဦး |
| ၆။ | မြန်မာ-ထိုင်း နှစ်နိုင်ငံ အထူးအစီအစဉ် | | | ၁၁၃၆ ဦး |
| | **စုစုပေါင်း** | | | (၁၅၁၆၁၈) ဦး |

## ကျန်းမာရေးဆိုင်ရာအသိပညာပေးထုတ်လွှင့်မှု

မေယု FM ရေဒီယိုအစီအစဉ်ဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာပေး ထုတ်လွှင့်မှုအနေဖြင့် ဆောင်းရာသီတွင်အဖြစ်များသော ရောဂါများ အပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးအစီအစဉ် (၃၆)ခုကို ထုတ်လွှင့်ပေးခဲ့ပါသည်။

## သွေးလှူဘဏ်များ တည်ဆောက်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထိုင်းနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှုဖြင့် ဆောက်လုပ်နေသော ဘူးသီးတောင် သွေးလှူဘဏ်ငယ်အဆောက်အဦးမှာ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ပါသည်။





ဘူးသီးတောင်မြို့ရှိ သွေးလှူဘဏ်သုံးပစ္စည်းများကို JICA အဖွဲ့က လှူဒါန်းထားရှိပြီး မောင်တောမြို့နယ်ရှိသွေးလှူဘဏ်တွင်တပ်ဆင်မည့် လိုအပ်သောစက်ပစ္စည်းများကို ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့မည် ဖြစ်ပါသည်။

## ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ခြင်း



ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အထူးကုဆရာဝန်နှင့် လက်ထောက်ဆရာဝန် စုစုပေါင်း (၇)ဦး ထပ်မံခန့်အပ်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇)မြို့နယ်တွင် သူနာပြုနှင့် အရန်သားဖွား၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား သင်တန်းများကို အောက်ပါအတိုင်း ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါသည် -

| စဉ် | သင်တန်းအမည် | တိုင်းရင်းသား | မွတ်ဆလင် | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အရန်သားဖွား (၆) လသင်တန်း | (၁၇၇) ဦး | (၅၃) ဦး | (၂၃၀) ဦး |
| ၂။ | အရန်သားဖွား (၆) လသင်တန်း (ပို့ချဆဲ) | (၁၇) ဦး | (၂၁) ဦး | (၃၈) ဦး |
| ၃။ | စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သား | (၂၄၀) ဦး | (၁၈၈) ဦး | (၄၂၈) ဦး |
| | **စုစုပေါင်း** | **(၄၃၄) ဦး** | **(၂၆၂) ဦး** | **(၆၉၆) ဦး** |

## စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးပြင်ဆင်တိုးချဲ့ဆောက်လုပ်ခြင်း

စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း (၈)ခုမှာ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး (၄)ထပ်တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ဦးစီးမှူးရုံး ဆောက်လုပ်ခြင်း လုပ်ငန်းများ (၇၀%)ကျော် ပြီးစီးနေပြီ ဖြစ်ပါသည်။



စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ





ရွေ့လျားဆေးကုအဖွဲ့ များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်း



ကာကွယ်ဆေးတိုက်ကျွေးမှု ဆောင်ရွက်ခြင်း



ကာကွယ်ဆေးထိုးနှံခြင်း

## (၂၀၁၈) ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်မှုအခြေအနေ

| ဆောင်ရွက်သည့်ကာလ | ကာကွယ်ဆေးထိုးဦးရေ (အကြိမ်အရေအတွက်) | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ဂျပန်ဦးနှောက်ရောင် | BCG | ငါးမျိုးစပ် | ပိုလီယိုတိုက်ဆေး | ပိုလီယိုထိုးဆေး | ပြင်းထန်အဆုတ်ရောင် | ဝက်သက်ဂျိုက်သိုး | မေးခိုင် | အသည်းရောင်အသားဝါဘီ |
| စက်တင်ဘာ | ၄၂၅၇ | ၄၆၁၆ | ၁၃၅၇၄ | ၁၃၆၂၀ | ၄၆၈၉ | ၁၃၅၇၆ | ၇၈၁၄ | ၉၄၆၅ | ၁၁၇ |
| အောက်တိုဘာ | ၄၂၈၆ | ၄၁၇၆ | ၁၂၉၇၉ | ၁၂၉၇၉ | ၄၆၇၂ | ၁၂၉၇၉ | ၇၈၄၆ | ၉၀၉၀ | ၁၂၂ |
| နိုဝင်ဘာ | ၄၃၉၀ | ၄၄၆၃ | ၁၃၂၉၅ | ၁၃၃၈၇ | ၄၄၃၃ | ၁၃၂၉၅ | ၈၃၉၈ | ၉၃၄၂ | ၂၆၀ |
| ဒီဇင်ဘာ | ၄၆၆၉ | ၄၄၀၆ | ၁၄၁၉၇ | ၁၄၁၇၄ | ၄၈၁၅ | ၁၄၁၈၉ | ၉၃၅၈ | ၉၄၁၃ | ၃၃၀ |
| **စုစုပေါင်း** | ၁၇,၆၀၂ | ၁၇,၆၆၁ | ၅၄,၀၄၅ | ၅၄,၁၆၀ | ၁၈,၆၀၉ | ၅၄,၀၃၉ | ၃၃,၄၁၆ | ၃၇,၃၁၀ | ၈၂၉ |

## မူးယစ်ဆေးဝါးများ

### မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ်သန်းပေါင်း (၂၅၂၃၈)သန်း



၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း (၈၆) မှု၊ တရားခံ (ကျား) ၉၃ ဦး၊ တရားခံ (မ) ၁၁ ဦး၊ တရားခံပေါင်း (၁၀၄) ဦးကို အရေးယူနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ်သန်းပေါင်း (၂၅၂၃၈) သန်းကျော်ခန့် ဖမ်းဆီးနိုင်ခဲ့ပါသည်။

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု



### အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ မှတ်ပုံတင်ခြင်း စုစုပေါင်း (၂၄)ဖွဲ့

အရပ်ဖက် လူ့အဖွဲ့အစည်းများ၏ မှတ်ပုံတင် ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း အသင်းအဖွဲ့မှတ်ပုံတင်ခြင်း (၁၄)ဖွဲ့၊ ယာယီ (၁၀)ဖွဲ့တို့အား မှတ်ပုံတင်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ရခိုင်ပြည်နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး (၄)ဦး ထပ်မံရွေးချယ်ခန့်အပ်နိုင်ခဲ့ပါသည်။

## လုံခြုံရေးကဏ္ဍ

ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ပြန့်ပွားရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပြည်ပသင်တန်း (၂)ကြိမ်၊ ပြည်တွင်းသင်တန်း (၁၀)ကြိမ်ဖြင့် ရဲတပ်ဖွဲ့ဝင်ပေါင်း (၉၄၄)ဦးအား လေ့ကျင့်ပေးနိုင်ခဲ့ပါသည် -





- ပြည်ပသင်တန်းတွင် အရာထမ်း (၂)ဦး တက်ရောက်ခဲ့ပါသည်။
- ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်း (၅)ကြိမ်ကို သင်တန်းသား (၇၅၂) ဦး တက်ရောက်ခဲ့ပါသည်။
- လူစုလူဝေးစနစ်တကျစီမံခန့်ခွဲခြင်းသင်တန်း (၁)ကြိမ်ကို သင်တန်းသား (၃၀)ဦး တက်ရောက်ခဲ့ပါသည်။
- ကျား/မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ (ဆင့်ပွား)သင်တန်း (၂)ကြိမ်ကို သင်တန်းသား (၆၀)ဦး တက်ရောက်ခဲ့ပါသည်။
- ခေတ်မီလက်နက်များထိန်းသိမ်း/ကိုင်တွယ်/ပစ်ခတ်နိုင်ရေး (ဆင့်ပွား) သင်တန်း (၂)ကြိမ်၊ သင်တန်းသား (၁၀၀)ဦး လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

## ဘာသာစကားသင်တန်းများဖွင့်လှစ်ခြင်း

(၅-၁၁-၂၀၁၈) ရက်နေ့မှ (၁-၃-၂၀၁၉) ရက်နေ့အထိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများမှ သင်တန်းသား (၅၀)ဦးစီဖြင့် ဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

## နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း



မြေပြင်ကင်းလှည့်ခြင်း (၈၂)ကြိမ်



ရေကြောင်းကင်းလှည့်ခြင်း (၂၀)ကြိမ်

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း နှစ်ဖက်ညှိနှိုင်းပြီး လုံခြုံရေးစီမံချက်ရေးဆွဲ၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခြင်းနှင့် ရေမိုင်လှည့်ကင်းဆောင်ရွက်ခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

# တရားမျှတမှုရရှိရေး

## အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း




မျှတသော တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်သူလူထုအား တရားဥပဒေစိုးမိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် UNDP တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နှင့် (၂၀)ရက်နေ့များတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။

## အသိပညာပေးလက်ကမ်းစာစောင်များ





## တရားဥပဒေစိုးမိုးရေးဆိုင်ရာဌာန

စစ်တွေမြို့တွင် တရားဥပဒေစိုးမိုးရေးဆိုင်ရာဌာန Rule of Law Centre ဖွင့်လှစ်နိုင်ရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် မိတ်ဆက်ရှင်းလင်းခြင်းကို ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးတွင် (၁၂-၁၂-၂၀၁၈) ရက်နေ့က ပြုလုပ်ခဲ့ပါသည်။

# ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု



## အစီရင်ခံသည့်ကာလအတွင်း မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက်-

GIS Team အဖွဲ့နှင့် တရုတ်နိုင်ငံ Southeast University မှ အဖွဲ့ဝင် ၅ ဦးနှင့်ပူးပေါင်းပြီး မောင်းဆွဲကျေးရွာအနောက်မြောက်ဘက်တွင် LIDAR ရိုက်ကူးခြင်းနှင့် Drone Image ရိုက်ကူးခြင်းလုပ်ငန်း ဆောင်ရွက်နေပုံ



ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့်မှတ်တမ်းဓာတ်ပုံများ ( ၁၈-၁၂-၂၀၁၈ )



အဆိုပြုစာတွဲ (Nomination Dossier) နှင့်အမွေအနှစ်စီမံခန့်ခွဲမှုအစီအစဉ်များ (Properties Management Plan)များရေးဆွဲခြင်း၊ Cultural Map ရေးဆွဲခြင်း၊ မြို့ပြ အခြေခံဆက်သွယ်မှု လမ်းကြောင်းများနှင့် ဝန်ဆောင်မှုနေရာများကို မြေပုံရေးဆွဲနိုင်ရန် ကွင်းဆင်း ဆောင်ရွက်ခြင်း၊ Topographic Map - 1:5000 ရေးဆွဲခြင်းနှင့် မြေပုံထုတ်ခြင်း လုပ်ငန်းများက ICH - DOA Mrauk- U အဖွဲ့နှင့် GIS Team တို့မှပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။





အစီရင်ခံသည့် ကာလအတွင်း နှစ် (၁၀၀) ကျော်သက်တမ်းရှိ ရှေးဟောင်း ယဉ်ကျေးမှုအဆောက်အဦများ၊ ဘုရား၊ စေတီပုထိုးများ၊ ရှေးဟောင်းပစ္စည်းများအား လေ့လာဆန်းစစ်ချက်များပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပုံထုတ်ခြင်း၊ Drone ဖြင့် ဓာတ်ပုံမှတ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို GIS Team နှင့် တရုတ်နိုင်ငံ Southeast University အဖွဲ့တို့မှလည်းကောင်း၊ သတင်းအချက်အလက်နှင့် အသိပေးကွန်ကရစ် ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့မှ လည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အစီအမံများနှင့် စပ်လျဉ်း၍ World Bank မှ ပညာရှင်အဖွဲ့နှင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နှင့် (၂၈) ရက်နေ့များတွင်ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို UNESCO မှ ပညာရှင်များ၊ တရုတ်နိုင်ငံနှင့် အီတလီနိုင်ငံတို့မှ ပညာရှင်များနှင့်လည်းကောင်းဆွေးနွေးပွဲများကျင်းပ ပြုလုပ်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နှင့် (၂၂) ရက်နေ့များတွင်ဒေသခံပြည်သူ လူထုအား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

# နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဆက်ဆံရေး

## တပ်ရင်းမှူးအဆင့်တွေ့ဆုံဆွေးနွေးပွဲ






၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြား စောင့်တပ်ရင်းမှူး အဆင့်တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

## မြန်မာ - ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေး



ပြန်လည်လက်ခံရေးဆိုင်ရာမြန်မာ - ဘင်္ဂလားဒေ့ရှ်ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို (၂၉-၁၀-၂၀၁၈) ရက်နေ့မှ (၃၀-၁၀-၂၀၁၈) ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင်ကျင်းပခဲ့ပါသည်။

ICRC

နစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးတွင်နေထိုင်လျက် ရှိသူများအတွက် အကူအညီပေးနိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ အသင်း (ICRC) နှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်း (MRCS)တို့မှ ပူးပေါင်း၍ ကနဦး လေ့လာမှုကို (၁၂-၉-၂၀၁၈) ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။



ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အာရှ-ပစိဖိတ် ဆိုင်ရာညွှန်ကြားရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးဖြစ်သူ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. HaoliangXu သည် (၁၀-၁၂-၂၀၁၈) ရက်နေ့မှ (၁၂-၁၂-၂၀၁၈) ရက်နေ့အထိ UNDP နှင့် UNHCR လေ့လာရေးအဖွဲ့များ ကွင်းဆင်းခဲ့သည့် ကျေးရွာများသို့ သွားရောက်ခဲ့ပါသည်။

## မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နစ်နိုင်ငံကြားကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ




### စစ်တွေကုန်သွယ်ရေးစခန်း

စစ်တွေကုန်သွယ်ရေးစခန်းတွင် (၁-၉-၂၀၁၈) မှ (၁၄-၁၂-၂၀၁၈) အထိ အမှန်တင်ပို့ / တင်သွင်းနိုင်သောကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ(၁၈.၈၂၆) သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်နစ်အလားတူကာလထက်အမေရိကန်ဒေါ်လာ (၁၃.၆၄၉) သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။




### မောင်တောကုန်သွယ်ရေးစခန်း

မောင်တောကုန်သွယ်ရေးစခန်းတွင် (၁-၉-၂၀၁၈) မှ (၁၄-၁၂-၂၀၁၈) အထိအမှန်တင်ပို့ / တင်သွင်းနိုင်သောကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ( ၂.၂၃၅ ) သန်းရှိခဲ့ရာ ယခင်နစ်အလားတူကာလထက် ( ၀.၂၅၄ ) သန်း လျော့နည်းခဲ့ပါသည်။

## ဒေသတွင်းနိုင်ငံများနှင့်ဆက်ဆံရေး

## လက်ခံတွေ့ဆုံခြင်း (၅) ကြိမ်၊ နိုင်ငံတကာအစည်းအဝေး (၃) ကြိမ်






နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလများ အတွင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာ ဝန်ကြီး၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၊ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံအထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့အား အသီးသီး လက်ခံတွေ့ဆုံရာ၌လည်းကောင်း၊ (၂၇) ကြိမ်မြောက်ကမ္ဘာ့စီးပွားရေးဖိုရမ်၊ (၁၀) ကြိမ်မြောက်မဲခေါင် - ဂျပန်ထိပ်သီး အစည်း အဝေး၊ (၃၃) ကြိမ်မြောက်အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများတွင် ရခိုင်ပြည်နယ် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုဆွေးနွေးပြောကြားခဲ့ပါသည်။





အစီရင်ခံသည့်ကာလအတွင်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ သည်လည်း နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင်လည်းကောင်း၊ နိုင်ငံတကာတွင်ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးများတွင် လည်းကောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာဖြစ်ပေါ် တိုးတက်မှုများနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး အတွက်ပူးပေါင်း ဆောင်ရွက်မည့် ကိစ္စရပ်များကိုဆွေးနွေးပြောကြားခဲ့ပါသည်။

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ခရီးစဉ်(၂) ကြိမ်





ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Burgener သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလများအတွင်း မြန်မာနိုင်ငံသို့လာရောက်ကာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိ သူများအား တွေ့ဆုံခဲ့သကဲ့သို့ ရခိုင်ပြည်နယ်၊ မောင်တောဒေသနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားဒေသများသို့ သွားရောက်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသနေသူများနှင့်တွေ့ဆုံခဲ့သည်။

## ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ အစီရင်ခံတင်ပြလျက်ရှိရာ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လည်းကောင်း၊ ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် လည်းကောင်း၊ တတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် လည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။

